**KHRG ကရင်လူ့အခွင့်အရေးအဖွဲ့**

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

# အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့

၂၀၂၂ ခုနှစ်၊ မတ်လ ၈ ရက်နေ့

ယနေ့ မတ်လ ၈ ရက်နေ့ ၊ ၂၀၂၂ ခုနှစ်သည် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ဖြစ်သည့်အလျောက် ကရင်လူ့အခွင့်အရေးအဖွဲ့(KHRG) မှ ကမ္ဘာပေါ်ရှိ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူ အမျိုးသမီးများအားလုံးကို ဂုဏ်ပြုလိုက် ပါသည်။ KHRG မှအမျိုးသမီးများ၏အတိတ်နှင့်ပစ္စုပ္ပန်ကာလအတွင်း ၎င်းတို့၏ကြိုးပမ်းအားထုတ်မှု၊ စွန့်လွှတ်အနစ်နာခံမှုနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အပြင် ကျေးဇူးလဲတင်ရှိပါကြောင်း ပြောကြားလိုပါသည်။ ယခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့၏ ဆောင်ပုဒ်မှာ “ဘက်လိုက်မှုကို ချိုးဖျက်ပါ” ဆိုသည့်အလျောက် ကျား၊ မရေးရာနှင့် ပတ်သက်သည့် မည်သည့်ဘက်လိုက်မှုမျိုးကိုမဆိုချိုးဖျက်ရန်နှင့် အမျိုးသမီးများအတွက် တန်းတူညီမျှမှု ရရှိစေရန်စည်းစည်းလုံးလုံး အတူတကွ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ကျား၊မ အခြေပြုဘက်လိုက်ခြင်းသည် အမျိုးသမီးများအတွက် အခွင့်အရေးနှင့် တန်းတူညီမျှမှုရရှိရန် အဟန့်အတားဖြစ်စေပါသည်။ အမျိုးသမီးများအပေါ် ဘက်လိုက်မှုသည် မည်သည့် လူမှုအသိုက်အဝန်းတွင်မဆို ရှိနေတတ်ပြီး ထိုဘက်လိုက်မှုများကို ကျွန်ုပ်တို့တစ်ဦးချင်းစီမှကြိုးပမ်းပြီးချိုးဖျက်မှသာ ပြောင်းလဲမှုများကိုဖြစ်ပေါ်စေနိုင်မည်ဖြစ်သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အာဏာသိမ်းပြီးချိန်မှစပြီး အမျိုးသမီးများသည် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအရေးတိုက်ပွဲများဖြစ်သော လူထုလှုပ်ရှားမှုများတွင် သတ္တိရှိရှိ တက်ကြွစွာ ဦးဆောင်ပါဝင်ခဲ့ပါသည်။ စစ်အာဏာသိမ်းမှုဆန့်ကျင်ရေး လူထုဆန္ဒပြပွဲများတွင် စတင်ဦးဆောင်ခဲ့သူများမှာ လူငယ်အမျိုးသမီးများဖြစ်ပြီး အာဏာသိမ်း စစ်တပ်မှ ပထမဆုံး ပစ်သတ်ခံခဲ့ရသူမှာလဲ အမျိုးသမီးတစ်ဦးဖြစ်ခဲ့ပါသည်။ ထိုအချိန်မှစ၍ အမျိုးသမီးများသည် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် စကားဖြင့် မဖော်ပြနိုင်လောက်သော ပါဝင်လှုပ်ရှားမှုများ၊ အနစ်နာခံပေးဆပ်မှုများကို တောက်လျှောက် ပြုလုပ်ခဲ့ပါသည်။ စစ်အာဏာသိမ်း ပြီးသည့်နေ့မှစ၍ မြန်မာပြည်၏ နိုင်ငံရေးအခြေအနေမှာ ပိုမိုဆိုးရွားလာပြီး လူထုလှုပ်ရှားမှုတွင်ပါဝင်သောကြောင့် အမျိုးသမီးများအနေဖြင့် ဖမ်းဆီးချုပ်နှောင်ခံရခြင်း၊ ညှဉ်းပန်းနှိပ်စက်ခံရခြင်း၊ ရက်ရက်စက်စက် သတ်ဖြတ်ခံရခြင်း၊ လိင်အကြမ်းဖက်ခံရခြင်း စသောလူ့အခွင့်အရေးချိုးဖေါက်မှုများကို နေ့စဉ်နှင့်အမျှ ပိုမိုခံစားလာရပါသည်။ သို့သော်လည်း အမျိုးသမီးများသည် ၎င်းတို့၏ အခွင့်အရေးများနှင့် မြန်မာပြည်သူ အားလုံး၏ ဆုံးရှုံးသွားသော လူ့အခွင့်အရေးများအား ပြန်လည်ရရှိရန် အသံတိတ်မနေဘဲ စစ်အာဏာရှင် ဖြုတ်ချရေး အတွက်ဆက်လက်ပြီး တိုက်ပွဲဝင်ကြရန် ရွေးချယ်ခဲ့ကြပါသည်။

မြန်မာပြည်တွင် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့သောကာလအတွင်း အမျိုးသားများအတွက် ခေါင်းဆောင်မှုတာဝန်များကို ထမ်းဆောင်ရန်ခက်ခဲသည့်အချိန်တွင် အမျိုးသမီးများသည် အန္တရာယ်များကြားမှ ၎င်းတို့၏ လူမှုအသိုက်အဝန်းအတွက် ခေါင်းဆောင်မှုရာထူးများကို မကြာခဏ ဆိုသလိုထမ်းဆောင်ခဲ့ကြရသည်။ တိုင်းရင်းသားဒေသအတွင်း ပြင်းထန်သောတိုက်ပွဲများနှင့် ဆိုးရွားသောလူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် အမျိုးသားအများအပြားသည် ၎င်းတို့၏ကျေးရွာများမှ ထွက်ပြေးတိမ်းရှောင်ရခြင်း သို့မဟုတ် တိုက်ပွဲဝင်ခဲ့ရသောကြောင့် အစဉ်အလာအရ အမျိုးသားများ ခေါင်းဆောင်မှုယူရသည့် တာဝန်များနေရာတွင် အမျိုးသမီးများမှ အစားထိုး ပါဝင်လာခဲ့ရ

ပါသည်။ ၂၀၁၅ ခုနှစ် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးပြီးသည့်နောက်တွင် အမျိုးသားများသည် ရပ်ရွာခေါင်းဆောင်မှုအခန်းကဏ္ဍများတွင် ပြန်လည်နေရာယူလာကြပါသည်။ မြန်မာပြည်အတွင်းရှိ အမျိုးသမီးများသည် ၎င်းတို့၏ သားသမီးများအတွက် လူ့အခွင့်အရေးနှင့် ပိုမိုကောင်းမွန်သော အနာဂတ်ရရှိရန်အတွက်တက်ကြွစွာ သတ္တိရှိရှိ တိုက်ပွဲဝင်နေကြသော်လည်း အသိအမှတ်ပြုခံရမှု နည်းပါးနေသေးပါသည်။ လက်နက်ကိုင်ပဋိပက္ခများ ပြန်လည်ဖြစ်ပေါ်လာသည်နှင့်အမျှ အမျိုးသမီးများသည် ၎င်းတို့၏ လူမှုအသိုက်အဝန်း အတွင်း အန္တရာယ်ရှိသော တာဝန်များကို တစ်ဖန်ပြန်လည်ထမ်းဆောင်လာကြရပြန်ပါသည်။ အမျိုးသမီးများ၏ အသံများနှင့် ၎င်းတို့၏ ခေါင်းဆောင်မှုကို ယခုအရေးကြီးသောအချိန်ကာလတွင်သာမက နောင်အနာဂတ်တွင်မှာလည်း အသိအမှတ်ပြုရန်နှင့် မြှင့်တင်ပေးရန် လိုအပ်ပါသည်။

လက်နက်ကိုင်ပဋိပက္ခတွေ ပြင်းထန်နေသည့် မြန်မာပြည် အရှေ့တောင်ပိုင်းတွင် အမျိုးသမီးများနှင့် ကလေးငယ်များအပါအဝင် အရပ်သားထောင်ပေါင်းများစွာ ထွက်ပြေးတိမ်းရှောင်နေရပါသည်။ ထွက်ပြေး တိမ်းရှောင်နေရသူမိခင်များနှင့် ကိုယ်ဝန်ဆောင်မိခင်များသည် မလုံခြုံသောအခြေအနေများတွင် နေထိုင်ကြရပြီး ကလေးမီးဖွားရန်နှင့် ကလေးသူငယ်များကို ပြုစုစောင့်ရှောက်ရန်အတွက် အခက်အခဲများစွာ ရင်ဆိုင်ကြရပါသည်။ ထွက်ပြေးတိမ်းရှောင်ရသည့်နေရာများတွင် အမျိုးသမီးများသည် ရုပ်ပိုင်းဆိုင်ရာမလုံခြုံမှု၊ အစားအစာမဖူလုံမှု၊ သန့်ရှင်းရေးညံ့ဖျင်းမှု၊ COVID-19 ကူးစက်မှုနှင့် အခြားရာသီအလိုက်ဖျားနာမှုများ၊ ဆိုးရွားသောရာသီဥတုနှင့် ကြိုတင်ခန့်မှန်း၍မရနိုင်သော အခြားသောခြိမ်းခြောက်မှုများစွာကို ရင်ဆိုင်နေကြရပါသည်။ ထို့ကြောင့် ဤသို့သောအရေးကြီးသည့်အခြေအနေမျိုးတွင် လူ့အခွင့်အရေးကို ကာကွယ်ခြင်းအားဖြင့် အမျိုးသမီးများ၏ အခွင့်အရေးကို ကာကွယ်ရန်အလွန်အရေးကြီးသော အချိန်ဖြစ်ပါသည်။

ယနေ့တွင် ကျွန်ုပ်တို့မှ အခြားသူများအတွက် မိမိတို့၏အသက်ကို စတေးခဲ့ကြသောအမျိုးသမီးများ၊ ရက်စက်ကြမ်းကြုတ်မှုများကို ရင်ဆိုင်ရသော်လည်း ဆက်လက်တိုက်ပွဲဝင်ရန် ရွေးချယ်ခဲ့သော အမျိုးသမီးများနှင့် ၎င်းတို့၏ လူမှုအသိုင်းအဝိုင်းကို ကာကွယ်စောင့်ရှောက်ပေးသော အမျိုးသမီးများအားလုံးကို ဂုဏ်ပြုလိုက်ပါသည်။ အမျိုးသမီးများနှင့် ၎င်းတို့၏ရဲစွမ်းသတ္တိများကို အလေးအနက်အသိအမှတ်ပြုသည်နှင့်အမျှ ကျွန်ုပ်တို့အားလုံးသည်လည်း ဘက်လိုက်မှုနှင့် ခွဲခြားဆက်ဆံမှုများမရှိတော့သည့် တန်းတူညီမျှမှုပိုရှိလာသော ကမ္ဘာတစ်ခုကိုတည်ဆောက်နိုင်ရန်အတွက် ဆက်လက်ကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်သည်။